# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၉ - ၂ - ၂၀၁၇ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ်(၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေအဖြစ် သိမ်းဆည်းရာတွင် လဲချားမြို့နှင့် ကျေးရွာအုပ်စု(၅)အုပ်စု ဆက်သွယ်သည့် ကျောက်ချောလမ်း၏ လမ်းနယ်မြေများပါဝင်ခဲ့သောကြောင့် ကျေးလက်နေပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန်ကြေးပေးဆောင်ပြီး ချလန်ပြေစာပါရှိမှသာ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုတ်ကျေးရွာတွင် စီးဆင်းနေသော တရုတ်ချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ မြို့မဈေးဧရိယာ တိုးချဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် မြို့မဈေးအနီး မြစ်ကမ်းပါးအား လှိုင်းကာကျောက်စီနံရံ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **အသုံးပြုခြင်း မရှိတော့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည်သိမ်းဆည်းရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ ၈၉.၆၉ ဧက အကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိအငှားချထားသည့် ၁၉ ဧက ပမာဏ ချန်လှပ်၍ ကျန်မြေတွင် ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသော စည်းကြပ်ခွန်ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။